HARP-F
Humanitarian Assistance and Resilience Programme Facility

HARP-F
Humanitarian Assistance and Resilience Programme Facility

# ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း(localization)၏ ပါဝါအာဏာတည်ဆောက်ပုံ

*Recommendations from HARP-F Partner Consultations in October 2021.*
*အောက်တိုဘာလ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် HARP-F မိတ်ဖက်အဖွဲ့အစည်းများမှ အကြံပြုချက်များ*

*‘လိုအပ်ချက်များရှိနေသည့် လူထုများဆီသို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများမှ ၄င်းတို့လက်လှမ်းမမီသည့်အခါမှသာ ပြည်တွင်းနှင့် ဒေသတွင်းအဖွဲ့အစည်းများကို မှီခိုအားကိုး၍ ဆောင်ရွက်လျှင် အထောက်အပံ့များကို ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း(localization) ဖြစ်လိမ့်မည်မဟုတ်ပေ။ ထိုသို့ပြုလုပ်ရန် အစီအစဉ်ဆွဲခြင်း၊ စနစ်များရှိခြင်း၊ အပြန်အလှန် စစ်ဆေးခြင်းနှင့် ထောက်ခံပေးသည့်အရာများ၊ နှင့် အားလုံးထက်အရေးကြီးသည်မှာ ယုံကြည်မှု ရှိရန် လိုအပ်ပါသည်။’ (HARP-F).*

လက်နက်ကိုင်ပဋိပက္ခ၊ ကိုဗစ်-၁၉ ကပ်ရောဂါ နှင့် စစ်တပ်အာဏာသိမ်းမှုတို့ကြောင့် မြန်မာနိုင်ငံ၏ ကာလရှည်ပဋိပက္ခအခြေအနေတွင် ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများသည် ဒေသတွင်းမှ ခေါင်းဆောင်သည့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို ရှေ့တန်းမှ ဦးဆောင်ဆောင်ရွက်နေခဲ့ပြီး ဖြစ်သည်။ HARP-F ရန်ပုံငွေပိတ်သိမ်းသည်နှင့်တပြိုင်နက် ၄င်းတို့အနေဖြင့် အရည်အသွေးမြင့်သော၊ ဒေသတွင်းခေါင်းဆောင်သည့် လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် မည်သည့် အထောက်အပံ့၊ လုပ်ငန်းစဉ်များ နှင့် အသုံးပြုသည့်နည်းလမ်းများ လိုအပ်နေသည်ကို ၄င်းတို့ဆီမှ တိုက်ရိုက်နားထောင်မှတ်သားနိုင်ရန် အောက်တိုဘာလတွင် ကျွန်ုပ်တို့မှ ဆွေးနွေးတိုင်ပင်ပွဲများစွာကို ပြုလုပ်ခဲ့ပါသည်။

၄င်းတို့၏ သတင်းစကားမှာ ရှင်းပါသည်- **အလှူရှင်အဖွဲ့အစည်းများသို့ တိုက်ရိုက်လက်လှမ်းမီမှု နှင့် အရည်အသွေးရှိသည့် ရန်ပုံငွေထောက်ပံ့ခြင်း စသည်တို့ကို တိုးမြှင့်ရုံသာမက ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)၏ အာဏာပါဝါတည်ဆောက်မှုတွင် ပြောင်းလဲမှုကိုပါ ပြည်တွင်းအဖွဲ့အစည်းများမှ လိုအပ်လိမ့်မည်။**

တုံ့ပြန်ဆောင်ရွက်မှု အဆင့်တိုင်းတွင်-စီမံကိန်းအကောင်အထည်ဖော်သည့်သူများအဖြစ် အပြင် ဆုံးဖြတ်ချက်ချမှတ်သည့်နေရာမှပါ ဦးဆောင်ရန် ရည်ရွယ်ချက်ရှိကြောင်း ၄င်းတို့မှ ဖော်ပြခဲ့ကြသည်။ အလှူရှင်အဖွဲ့အစည်းများ၊ ကြားခံအဖွဲ့အစည်းများ နှင့် INGOs များမှ လုပ်သာကိုင်သာရှိသည့်

ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးပြီး ထိရောက်သည့် အထောက်အပံ့ပေးသည့်ပုံစံတည်ဆောက်ပါက ၄င်းတို့မှ အထက်တွင်ဖော်ပြသည့်အတိုင်း ဆောင်ရွက်နိုင်သည့်အခြေအနေတွင် ရှိနေကြောင်း ဖော်ပြခဲ့ကြသည်။ နှစ်ရှည်ဖြစ်သော၊ ကြိုတင်ခန့်မှန်းနိုင်သော ရန်ပုံငွေ၊ ပိုမိုတောင့်တင်းခိုင်မာသည့် စနစ်များအတွက် အထောက်အပံ့၊ စဉ်ဆက်မပြတ်ဖြစ်သော စွမ်းဆောင်ရည်တိုးမြှင့်ပေးခြင်း၊ မြန်မာနိုင်ငံ၏ အခင်းအကျင်းအခြေအနေများနှင့် ကိုက်ညီသည့် MEAL စနစ်များ နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုယန္တရားများတွင် ပိုမိုခိုင်မာသည့် ကိုယ်စားပြုမှု စသည်တို့မှစ၍ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ဦးဆောင်နိုင်ရန် ၄င်းတို့တိုက်ရိုက်လိုအပ်သည့် အပြောင်းအလဲများကို ၄င်းတို့မှ မီးမောင်းထိုးပြခဲ့ပါသည်။ ၄င်းတို့၏ အဓိကအကြံပြုချက် ၄ ချက်ကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှုအတွက် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)သည် အခြေခံကျလှသည့် အချိန်တွင် အထောက်အပံ့များကို ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)ဆိုင်ရာ ဤနားလည်တတ်မြောက်မှုများသည် Grand Bargain 2.0 ၏ ပြောင်းလဲထားသည့် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)အပေါ် ဦးစားပေးမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် နှင့် အရည်အသွေးရှိသည့် ရန်ပုံငွေတစ်ခု ဆိုးရွားစွာလိုအပ်နေသည့် အခင်းအကျင်းအတွက် ထူးခြားသည့် အခွင့်အရေးတစ်ခုပင် ဖြစ်သည်။

## I. ရန်ပုံငွေထောက်ပံ့ခြင်း

*‘လူသားချင်းစာနာမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်သည့် ပြည်တွင်း အဖွဲ့အစည်းများသည် ပုံမှန်အားဖြင့် INGOs များထက် မရှိမဖြစ်လိုအပ်သည့် ကန့်သတ်မထားသော အဓိကရန်ပုံငွေကို လက်လှမ်းမီမှု နည်းကြသည်ကို အလှူရှင်အဖွဲ့အစည်းများမှ လက်ခံရမည်။ ဤရန်ပုံငွေများသည် အကောင်းဆုံးရလဒ်များကို ဖော်ဆောင်ပေးရန် အဖွဲ့အစည်းတိုင်းမှ လိုအပ်သည့် အဓိကလုပ်ငန်းများတွင် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန် နှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရန် မရှိမဖြစ် လိုအပ်ပါသည်။’(HARP- F အဝေးမှ မိတ်ဖက်အဖြစ်ဆောင်ရွက်ခြင်းအား ပြန်လည်သုံးသပ်မှု[1]).*

ငွေသည် ပါဝါအာဏာပင် ဖြစ်ပြီး မည်သူ့ကို နှင့် မည်သည့်အခြေအနေများတွင် မည်သို့သော ရန်ပုံငွေများ ခွဲဝေထားသည် ဆိုသည့်အချက်များသည် တုံ့ပြန်ဆောင်ရွက်မှုကို ဒေသတွင်းအဖွဲ့အစည်းများမှ ဦးဆောင်ဆောင်ရွက်နိုင်စွမ်းကို တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။ လက်ရှိတွင် အထူးသဖြင့် ကိုဗစ် နှင့် အာဏာသိမ်းမှုအလွန်ကာလကတည်းက လုပ်ငန်းဆောင်ရွက်ရမည့်ဝန်ထုပ်သည် ကြားခံအဖွဲ့အစည်းများမှတဆင့် ရန်ပုံငွေထောက်ပံ့ခံထားရသည့် ပြည်တွင်းအဖွဲ့အစည်းများပေါ်တွင် ကျရောက်နေပါသည်။ ထို့ပြင် အလှူရှင်အဖွဲ့အစည်းများမှ ထိုငွေကို ဖယ်ချန်ထားလေ့ရှိခြင်း၊ ရေတိုထောက်ပံ့ခြင်း နှင့် စီမံကိန်းတစ်ခုအတွက်သာ အခြေခံထောက်ပံ့ခြင်း စသည်တို့ကြောင့် အခြေအနေများ ပြောင်းလဲပါက ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်အတွက် အခွင့်အရေး မပေးပေ။

ဤအချက်သည် ပြည်တွင်းအဖွဲ့အစည်းများ၏ ကြိုတင်အစီအစဉ်ရေးဆွဲနိုင်စွမ်း၊ ပြောင်းလဲနေသည့် လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း နှင့် ၎င်းတို့၏ စွမ်းဆောင်ရည် တိုးမြှင့်နိုင်စွမ်း စသည်တို့ကို နှောင့်နှေးစေပြီး ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)ကို ပျက်ဆီးစေသည့် အန္တရာယ်များကို တိုးတက်စေပါသည်။

Grand Bargain ၏ ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)ဆိုင်ရာ ပန်းတိုင်များကို ပြည့်မီစေရန် သို့မဟုတ် ကျော်လွန်စေရန် ပြည်တွင်းအဖွဲ့အစည်းများသည် အရည်အသွေးရှိသော

[1] HARP-F APPROACH TO REMOTE PARTNERSHIP IN MYANMAR - နောက်ဆုံး သုံးသပ်လေ့လာမှု အစီရင်ခံစာ -https://www.harpfacility.com/resources/harp-f-approach-remote-partnership-myanmar-evaluat/

ရန်ပုံငွေများ တိုးမြှင့်စွာ လက်ခံရရှိရန် လိုအပ်သည်။ အရည်အသွေးရှိသော ရန်ပုံငွေများဆိုသည်မှာ ကြားခံအဖွဲ့အစည်းများမှ လက်ခံပြီး ၎င်းတို့မှ ပိုမိုနည်းပါးသည့် ဝေစုသာ ရယူကာ နှစ်ရှည်(၁၈ မှ ၃၆ လ) ဖြစ်သော၊ ကြိုတင်ခန့်မှန်းနိုင်သော နှင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်သော ရန်ပုံငွေများ ဖြစ်သည်။

- အသစ်ဖြစ်သော အရေးပေါ်အခြေအနေများကို ပြည်တွင်းအဖွဲ့အစည်းများမှ တုံ့ပြန်ဆောင်ရွက်ရန် နှင့် ဘတ်ဂျက်ခွဲဝေမှုများကို လျင်မြန်စွာ ပြောင်းလဲအသုံးပြုနိုင်ရန် ထိုငွေသည် ပြောင်းလွယ်ပြင်လွယ်ဖြစ်သင့်သည်။ ဥပမာအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းတစ်ခုစီ၏ ဘတ်ဂျက်တွင် အသစ်ဖြစ်သော အရေးပေါ်အခြေအနေကို တုံ့ပြန်ဆောင်ရွက်ရန် ပြောင်းလွယ်ပြင်လွယ်ဖြစ်သော နှင့် ခွဲဝေမထားသော ဘတ်ဂျက်လိုင်းတစ်ခု ထည့်သွင်းထားသည့် HARP-F ၏ အလေ့အကျင့်ကို ဆက်လက်ကျင့်သုံးရန် HARP-F ၏ အဝေးမှ မိတ်ဖက်အဖြစ်ဆောင်ရွက်ခြင်းအား ပြန်လည်သုံးသပ်မှု[2] မှ အကြံပြုထားပါသည်။ ဤအချက်သည် ရခိုင်ပြည်နယ်တွင် တိုးမြှင့်ခဲ့သော တိုက်ခိုက်မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ နှင့် အာဏာသိမ်းမှု စသည့် ဆိုးဝါးသည့်အခြေအနေများကို ရင်ဆိုင်ဖြေရှင်းရာတွင် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရန် ၎င်းတို့ကို ကူညီပေးခဲ့သည်။
- စီမံကိန်းတွင် ပါဝင်သော လုပ်ငန်းဆောင်ရွက်မှုများအတွက်သာမက အဖွဲ့အစည်းပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုအတွက်ပါ ၎င်းရန်ပုံငွေမှ ကျခံပေးသင့်သည်။ အနာဂတ်တွင် HARP-F ပိတ်သိမ်းပြီးပါက ပြည်တွင်းအဖွဲ့အစည်းများမှ ကြားခံအဖွဲ့အစည်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အလှူရှင်အဖွဲ့အစည်းများမှ မျှော်လင့်ထားပါက စီမံကိန်းများ၏ ရလဒ်များ တိုက်ရိုက်ဖော်ဆောင်ရန် လိုအပ်သည့်အတိုင်းအတာထက် ကျော်လွန်ကာ လုံလောက်သည့် ပမာဏဖြင့် ရန်ပုံငွေထောက်ပံ့ရန် အလှူရှင်အဖွဲ့အစည်းများမှ လက်ခံထားရမည်။ အထူးသဖြင့် MEAL လုပ်ငန်းစဉ်များသည် အများအားဖြင့် ရန်ပုံငွေသက်တမ်းအရသာ ထောက်ပံ့ခံရခြင်း သို့မဟုတ် အပြည့်အဝ ထောက်ပံ့မခံရခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာရန် နှင့် သင်ခန်းစာများ သင်ယူရန် အကန့်အသတ်များစေသည်။ ထို့ကြောင့် MEAL

HARP-F
Humanitarian Assistance and Resilience Programme Facility

လုပ်ငန်းစဉ်များအတွက် အဓိကရန်ပုံငွေများ လိုအပ်သည်ဟု မိတ်ဖက်အဖွဲ့အစည်းများမှ မီးမောင်းထိုးပြပေးခဲ့သည်။

**အလှူရှင်အဖွဲ့အစည်းများမှ အောက်ပါတို့ ဆောင်ရွက်သင့်သည်။**

- ကြားခံအဖွဲ့အစည်းများအတွက် မဟုတ်ဘဲ ပြည်တွင်းအဖွဲ့အစည်းများသို့ တိုးမြှင့်ကာ နှစ်ရှည်ဖြစ်သော ရန်ပုံငွေ ထောက်ပံ့ပါ။
- ထို့ပြင် အရေးပေါ်အခြေအနေကို တုံ့ပြန်ဆောင်ရွက်ရန် ရန်ပုံငွေ ထောက်ပံ့ပါ။
- ဒေသတွင်းအခင်းအကျင်းများ ပြောင်းလဲမှုများကို ပြည်တွင်းအဖွဲ့အစည်းများမှ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ပြောင်းလွယ်ပြင်လွယ်မှုနှင့် လွတ်လပ်စွာလုပ်ကိုင်နိုင်စေရန် ပြည်တွင်းအဖွဲ့အစည်းများအတွက် ကန့်သတ်မထားသည့် ရန်ပုံငွေများ၏ ရာခိုင်နှုန်းကို တိုးမြှင့်သတ်မှတ်ပေးပါ။
- အဖွဲ့အစည်း၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိန်းသိမ်းမှုတို့အတွက် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများ၏ အဓိကကုန်ကျစရိတ်များ (၁၀%) ကို ရန်ပုံငွေထောက်ပံ့ပေးပါ။ ဤရန်ပုံငွေများသည် အဖွဲ့အစည်းများအတွက် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ကျရောက်နိုင်သည့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် မရှိမဖြစ်လိုအပ်သည့် အဖွဲ့အစည်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို ကူညီတိုးမြှင့်ရန် ဖြစ်သည်။
- မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ယူမှု/တာဝန်ခံမှု တိုးမြှင့်ပေးရန် တောင်းဆိုပါ။ ထိုကဲ့သို့ ဆောင်ရွက်နိုင်စေရန် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများကို နည်းပညာပိုင်းဆိုင်ရာ နှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအထောက်အပံ့များဖြင့် ကူညီပေးပါ။

## 2. ကိုက်ညီအောင် လိုက်နာရမည့်အရာများ နှင့် ကျရောက်နိုင်သည့် အန္တရာယ်လျှော့ချခြင်း

ရန်ပုံငွေများကို တိုက်ရိုက်လက်လှမ်းမီစေရန် အလှူရှင်အဖွဲ့အစည်းများ၏ ကိုက်ညီအောင် လိုက်နာရမည့် လိုအပ်ချက်များဖြစ်သော စီမံအုပ်ချုပ်မှု နှင့် ထိန်းချုပ်မှုယန္တရားများဆိုင်ရာ၊ လုပ်ငန်းများ ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း၊ ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှု နှင့် ရန်ပုံငွေတဆင့်ယူဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများ စသည်တို့သည် သေးငယ်သည့် ပြည်တွင်းအဖွဲ့အစည်းများ၏ စနစ်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီသင့်လျော်မှု မရှိပေ။ မြန်မာနိုင်ငံတွင် လက်ရှိတိုးပွားလာနေသည့် အခြေအနေများကြောင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့် အခင်းအကျင်းများတွင် ကျရောက်နိုင်သည့် အန္တရာယ်များ တိုးတက်စေသောကြောင့် ဤလိုအပ်ချက်များသည် မှားယွင်းနေပါသည်။ ဥပမာအနေဖြင့် ပြည်တွင်းအဖွဲ့အစည်းတစ်ခုသည် အလှူရှင်အဖွဲ့အစည်းများ နှင့် ကြားခံအဖွဲ့အစည်းများမှ ရန်ပုံငွေတိုက်ရိုက်ရရှိရန် တရားဝင်မှတ်ပုံတင်ထားရမည် ဆိုသည့်အချက်သည် ဒေသတွင်းနှင့် ပြည်တွင်းအာဏာပိုင်များမှ ပြည်တွင်းအဖွဲ့အစည်းကို ထိန်းချုပ်နိုင်စေရန် အားပေးနေသည်။ ကိုက်ညီအောင် လိုက်နာရမည့် လုပ်ငန်းစဉ်များသည် အခင်းအကျင်းများနှင့် လုပ်ကိုင်ဆောင်ရွက်နေရသည့် လက်တွေ့အခြေအနေများနှင့် ကိုက်ညီအောင် ပြောင်းလဲဆောင်ရွက်ရမည် ဖြစ်ပြီး ၄င်းသည် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ အာဏာသိမ်းမှုအလွန် အခင်းအကျင်းတွင်

ငွေပမာဏမည်မျှကို စုပ်ယူဆောင်ရွက်နိုင်ပြီး မည်သည့် အခက်အခဲများကို ရင်ဆိုင်နေရသည်ဆိုသည့် အချက်များကို တရားဝင်၊ ပွင့်လင်းမြင်သာစွာ နှင့် ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ထားမှုအပေါ်တွင် မူတည်ပါသည်။ ကိုက်ညီအောင် လိုက်နာရမည့် အရာများဆိုရာ၌ မိတ်ဖက်အဖွဲ့အစည်းများကို ‘မပြုလုပ်ရမည့် စည်းကမ်းချက်များဖြင့် တားမြစ်ထားသည့် စာသားများ(get- out clauses)’ ပေးရန် မဟုတ်ဘဲ လိုအပ်ချက်များသည် သင့်လျော်မှုရှိစေရန် နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ သင့်တော်သည့် လိုက်နာဆောင်ရွက်မှု တိုးမြင့်စေရန် လိုအပ်သည့် အထောက်အပံ့များကို ပေးရန် ဖြစ်သည်။

ထိုနည်းတူစွာ ကာလရှည်ပဋိပက္ခများတွင် လုပ်ကိုင်ဆောင်ရွက်ရသည့် များလှစွာသော ကျရောက်နိုင်သည့် အန္တရာယ်ကို ပြည်တွင်းအဖွဲ့အစည်းများမှ ရင်ဆိုင်တာဝန်ယူပေးရသည်။ ကျရောက်နိုင်သည့် အန္တရာယ်ကို ဒဏ်ခံနိုင်မှုများနှင့် ပတ်သက်သည့် ပြောဆိုဆက်သွယ်မှုသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး အလှူရှင်အဖွဲ့အစည်းများအနေဖြင့် လက်မခံနိုင်သည့်စည်းမျဉ်းများ ရှင်းလင်းနေပြီး မိတ်ဖက်အဖွဲ့အစည်းများမှလည်း ၎င်းတို့မှ လုပ်နိုင်/မလုပ်နိုင်/လုပ်မည်/မလုပ်မည် စသည်တို့ကို ရှင်းလင်းစွာ ဖော်ပြရမည်။ ထိုသို့ဖြစ်ရန် ပုံမှန်ဖြစ်သော နှင့် ရိုးသားသည့် ပြောဆိုဆက်သွယ်မှုသည် အဓိကကျပါသည်။ ကျရောက်နိုင်သည့် အန္တရာယ်ကို အလှူရှင်အဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများအကြား သာတူညီမျှရှိစွာ မျှဝေထားရမည်ဖြစ်ပြီး သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်သည့် ကျရောက်နိုင်သည့် အန္တရာယ် စီမံခန့်ခွဲမှု ဆိုင်ရာ ချဉ်းကပ်ပုံများဖြင့် ပြောင်းလဲဆောင်ရွက်ရမည်။

[2] Ibid.

HARP-F
Humanitarian Assistance and
Resilience Programme Facility

**အလှူရှင်အဖွဲ့အစည်းများမှ အောက်ပါတို့ ဆောင်ရွက်သင့်သည်။**

- ပြည်တွင်းအဖွဲ့အစည်းများမှ ကိုက်ညီအောင် လိုက်နာဆောင်ရွက်ရမည်များကို ပြည့်မီနိုင်စေရန် နှင့်/သို့မဟုတ် ထိုလိုအပ်ချက်များကို ပြည့်မီအောင် ထပ်ဆောင်းအထောက်အပံ့များပေးခြင်းဖြင့် လိုအပ်သည့်အခါတိုင်း ပြောင်းလဲဆောင်ရွက်ပါ။ ပြည်တွင်းအဖွဲ့အစည်းတစ်ခုသည် အလှူရှင်အဖွဲ့အစည်းများမှ ရန်ပုံငွေတိုက်ရိုက်ရရှိရန် တရားဝင်မှတ်ပုံတင်ထားရမည် ဆိုသည့်အချက်သည် ဒေသတွင်းနှင့် ပြည်တွင်းအာဏာပိုင်များမှ ပြည်တွင်းအဖွဲ့အစည်းကို ထိန်းချုပ်နိုင်စေရန် အားပေးနေသည်။
- ပြည်တွင်းအဖွဲ့အစည်းများကို ကျရောက်နိုင်သည့် အန္တရာယ်ဆိုင်ရာ ပြောဆိုဆက်သွယ်ခြင်း၊ မျှဝေခံစားခြင်းနှင့် ပြောင်းလဲဆောင်ရွက်ခြင်းနှင့်အတူ ဝန်ထမ်းများနှင့် အကျိုးခံစားခွင့်ရှိသူများအတွက် ထိရောက်သော ကျရောက်နိုင်သည့် အန္တရာယ်ဆိုင်ရာ အသိပေးမှု သင်တန်းများ ပေးပါ။

**အလှူရှင်အဖွဲ့အစည်းများနှင့် ကြားခံအဖွဲ့အစည်းများမှ အောက်ပါတို့ ဆောင်ရွက်သင့်သည်။**

- အထူးသဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ဆက်လက်ပေးစွမ်းနိုင်စေရန် လက်ရှိပြည်တွင်းအာဏာပိုင်များနှင့် မည်သည့်ဆက်ဆံမှုမျိုးရှိနေရန် မျှော်လင့်ထားသည်ကို ပြည်တွင်းအဖွဲ့အစည်းများကို ရှင်းလင်းသည့် လမ်းညွှန်ချက်ပေးပါ။

## 3. စွမ်းဆောင်ရည် မြှင့်တင်ခြင်း နှင့် သင်တန်း

*‘သင်တန်း၊ လက်တွေ့သင်ကြားပေးမှု နှင့် နည်းပြသင်ကြားပေးခြင်း- ဆိုလိုသည်မှာ အဖွဲ့အစည်းပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်းသည် အသုံးအဝင်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့၏ CSO မိတ်ဖက်အဖွဲ့အစည်းငယ်များမှ ဖြေဆိုထားပါသည်။ သို့သော် အကယ်၍ ပိုမိုကြီးသည့် အဖွဲ့အစည်းများမှလည်း ၎င်းတို့၏ တုံ့ပြန်ဆောင်ရွက်မှု ဦးဆောင်ခြင်းကို တိုးချဲ့ရန် သေချာပါက ကျွမ်းကျင်ဝန်ထမ်းများကို ငှားရမ်းခန့်ထားရန် နှင့် ထိန်းသိမ်းထားနိုင်ရန် ၊ ရန်ပုံငွေလျှောက်သည့် အဆိုပြုလွှာများရေးသားရန် နှင့် အစီရင်ခံခြင်းအတွက် အင်္ဂလိပ်ဘာသာစကားထက် မြန်မာဘာသာစကားကို အသုံးပြုရန် ထောက်ပံ့သင့်ပါသည်။’ (HARP-F မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပွဲများ)*

ဤအချက်သည် ငွေနှင့်သာ ဆိုင်သည်မဟုတ်ပေ။ အရည်အသွေးရှိသည့် ရန်ပုံငွေကို တိုးမြှင့်ကာ လက်လှမ်းမီရန် သင့်တော်မှန်ကန်သည့် တည်ဆောက်မှုများ အသင့်ရှိမနေလျှင် ပြည်တွင်းအဖွဲ့အစည်းများသည် မအောင်မြင်နိုင်ပေ။ HARP-F မှ ရန်ပုံငွေနှင့်အတူ သင်တန်း၊ လိုအပ်သည့်အပိုင်းများအတွက် စွမ်းဆောင်ရည် တိုးမြှင့်ပေးသည့် လုပ်ငန်းများ၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ နှင့် နည်းပြသင်ကြားပေးခြင်းတို့ကို တွဲ၍ဆောင်ရွက်ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းသည် ပြည်တွင်းအဖွဲ့အစည်းအချို့အား တိုက်ရိုက်ရန်ပုံငွေရယူနိုင်သည့် အခြေအနေ/အဆင့်တစ်ခုသို့ တက်ရောက်နိုင်ရန် ကူညီပေးခဲ့သော်လည်း အများစုသောအဖွဲ့အစည်းများသည် အခြေခံကျသည့် အထောက်အပံ့များ

ဆက်လက်လိုအပ်နေသည်။ စွမ်းဆောင်ရည်တိုးတက်လာခဲ့သည့် အဖွဲ့အစည်းများအနေဖြင့်လည်း အလှူရှင်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်ဆံရန် လုပ်ငန်းဆောင်ရွက်ရန် ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်များ လိုအပ်လိမ့်မည်။

ပဋိပက္ခ၊ လက်လှမ်းမီမှု၊ နိုင်ငံရေး နှင့်/သို့မဟုတ် ကျန်းမာရေးအခြေအနေ ပျက်ဆီးယိုယွင်းလာသည်နှင့်အမျှ စံနှုန်းအမြင့်ဆုံးဖြစ်သည့် တုံ့ပြန်ဆောင်ရွက်မှုဖြစ်စေရန် ရေရှည်တည်တံ့သည့် ဒေသတွင်းမှ ဦးဆောင်သည့် တုံ့ပြန်ဆောင်ရွက်မှုတစ်ခုဖြစ်ရန် ဒေသတွင်းအဖွဲ့အစည်းများသည် ၎င်းတို့၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန် နှင့် လုပ်ငန်းလည်ပတ်မှုစနစ်များဖြစ်သည့် စီမံကိန်းစက်ဝန်း စီမံခန့်ခွဲမှု၊ ဝယ်ယူခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု နှင့် အကာအကွယ်ပေးခြင်း စသည်တို့ကို ကိုင်တွယ်ကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။
နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့၊ နည်းပြသင်ကြားပေးခြင်း၊ တစ်ဖွဲ့ချင်းအတွက် လက်တွေ့ကျသည့် အထောက်အပံ့၊ နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် ၎င်းတို့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဦးစားပေးအရာများအတွက်ပေးသည့်သင်တန်း စသည်တို့သည် ဆက်လက်လိုအပ်နေသည်ဟု ၎င်းတို့မှ ကျွန်ုပ်တို့ကို ပြောကြားခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများစွာမှ သင်တန်းများပေးနေကြသော်လည်း ဤသင်တန်းများသည် ပြည်တွင်းအဖွဲ့အစည်းများမှ သတ်မှတ်ဖော်ထုတ်လိုက်သည့် လိုအပ်ချက်များနှင့် ကိုက်ညီနေရမည် ဖြစ်ပြီး နှစ်ခါမထပ်နေအောင် ညှိနှိုင်းဆောင်ရွက်ရမည်။ မကြာမီလာတော့မည့် HARP-F ၏ အွန်လိုင်းသင်တန်းပလက်ဖောင်းသည် လက်တွေ့ကွင်းထဲတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများအတွက် အခြေခံကျွမ်းကျင်မှုများကို မြန်မာဘာသာစကားဖြင့် အသုံးပြုကာ သင်ကြားပေးသွားမည် ဖြစ်ပြီး မြန်မာဖြစ်ရပ်အခြေအနေများကို အသုံးပြုခြင်းသည် ရှေ့လျှောက် ဆက်လက်လုပ်ကိုင်သွားသင့်သည့် အရင်းအမြစ်ပင် ဖြစ်သည်။

**အလှူရှင်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်သည့် အဖွဲ့အစည်းများမှ အောက်ပါတို့ ဆောင်ရွက်သင့်သည်။**

- အရည်အသွေးရှိသည် ဒေတာသုံးသပ်မှု၊ သက်သေသာဓကအပေါ်အခြေခံသည့် စီမံကိန်းပြောင်းလဲဆောင်ရွက်မှု၊ စီမံကိန်းအဆိုပြုလွှာရေးခြင်း၊ ကျရောက်နိုင်သည့် အန္တရာယ်များ စီမံခန့်ခွဲခြင်း၊ အကျိုးခံစားသည့်သူများမှ တုံ့ပြန်ဖြေဆိုသည့် ယန္တရားများ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း နှင့် အကြမ်းဖက်ခြင်း(PSEA)တို့မှ ကာကွယ်ပေးခြင်း/အကာအကွယ်ပေးခြင်းဆိုင်ရာ မူဝါဒများနှင့် ဖြစ်ရပ်ကဏ္ဍအလိုက် (ဥပမာ- WASH ၊ သဘာဝကပ်ဘေးအန္တရာယ် လျှော့ချခြင်း) သင်တန်းများကို အာရုံစိုက်၍ သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ပြုလုပ်ပါ။
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ နှင့် သင်တန်းပေးသည့် အထောက်အပံ့များကို နှစ်ခါမထပ်နေအောင် မိတ်ဖက်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပါ။
- လူသားချင်းစာနာမှုဆိုင်ရာ အစုအဖွဲ့(clusters) နှင့် CASH လုပ်ငန်းအဖွဲ့များမှ ပြည်တွင်းအဖွဲ့အစည်းများအား နည်းပညာပိုင်းဆိုင်ရာ အကြံပေးသည့် အထောက်အပံ့ကို

တိုးချဲ့ဆောင်ရွက်ပါ။

- HARP-F သင်တန်း နှင့် သင်ယူမှုဆိုင်ရာ အရင်းအမြစ်များကို ပိုင်ဆိုင်အသုံးပြုပါ။ HARP-F ၏ (မြန်မာဘာသာဖြင့် ပြုလုပ်ထားသည့်) အွန်လိုင်းသင်တန်းပလက်ဖောင်း နှင့် ဗဟုသုတ/သင်ယူမှု စာကြည့်တိုက် နှင့် MEAL ဒေတာဘေ့စ်များကို လက်လှမ်းမီနေစေရန် နှင့် ပါဝင်သည့်အရာများကို တိုးချဲ့နိုင်စေရန် ဆောင်ရွက်ပါ။

## 4. ခေါင်းဆောင်မှု နှင့် ပူးပေါင်းဆောင်ရွက်မှု

*'ဒေသတွင်းနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုနှင့် ပတ်သက်၍ (...) သေးငယ်သည့် အဖွဲ့အစည်းများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း စသည်တို့တွင် ကျွန်ုပ်တို့ လုပ်ဆောင်ရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍ၏ အစိတ်အပိုင်းအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအဆင့် ညှိနှိုင်းဆောင်ရွက်မှု တည်ဆောက်ပုံ/ပလက်ဖောင်းများကို ခွင့်ပြုသည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးရန် စစ်မှန်သည့် စည်းရုံးလှုံ့ဆော်ခြင်း လိုအပ်ပါသည်။' ((HARP-F ၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပွဲများ အစီရင်ခံစာ)*

ဒေသတွင်းမှ ခေါင်းဆောင်သည့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် စီမံကိန်းအကောင်အထည်ဖော်ခြင်းထက် ကျော်လွန်ပါသည်-ဤသို့ ဖြစ်စေရန် လူသားချင်းစာနာမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်သည့် အစုအဖွဲ့များတွင် ပြည်တွင်းအဖွဲ့အစည်းများသည် နေရာတစ်ခု ရှိနေခြင်းမှ အစပြုပါသည်။ သို့သော်လည်း ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (Localisation)အကြောင်းအရာကို နိုင်ငံတကာအဆင့်တွင် နိုင်ငံတကာအဖွဲ့အစည်းများအချင်းချင်းသာ ပြောဆိုနေကြ သို့မဟုတ် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများမှ လုံလောက်အောင် ကိုယ်စားပြုမှုမရရှိခြင်းတို့ကြောင့် ပြည်တွင်းအဖွဲ့အစည်းများသည် ဖယ်ချန်ထားခြင်း ခံရလေ့ရှိသည်။ ထိုကဲ့သို့ အစုအဖွဲ့များတွင် ပြည်တွင်းအဖွဲ့အစည်းများမှ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ မဟာဗျူဟာဆွေးနွေးရန်၊ အလှူရှင်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ပြောဆိုဆက်သွယ်နိုင်ရန် နှင့် စည်းရုံးလှုံ့ဆော်ရန် စသည်တို့အတွက် အားပေးကူညီသည့် ပတ်ဝန်းကျင်တစ်ခုကို ၄င်းတို့မှ တောင်းဆိုထားပါသည်။ စီမံကိန်းစက်ဝန်းတစ်လျှောက်တွင် ၄င်းတို့၏ တတ်ကျွမ်းမှုသည် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် အသိပေးနေသင့်ပြီး ၄င်းတို့ကို သက်သေသာဓကများ အားဖြည့်ပေးခြင်း သို့မဟုတ် အခင်းအကျင်းဆိုင်ရာ နောက်ဆုံးအခြေအနေများ ပေးရန်အတွက်သာ အသုံးမပြုဖို့ လိုအပ်သည်။

### နိုင်ငံတကာ အဖွဲ့အစည်းများမှ အောက်ပါတို့ ဆောင်ရွက်သင့်သည်။

- အလှူရှင်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ပြောဆိုရန် နှင့် အဆင့်တိုင်းတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် အခွင့်အလမ်းများကို ဖွင့်ပေးပါ- မဟာဗျူဟာကျ စီစဉ်ဆောင်ရွက်ခြင်း၊ စီမံကိန်းအဆိုပြုလွှာရေးခြင်း၊ ဘတ်ဂျတ်ညှိနှိုင်းဆောင်ရွက်မှုများ၊ သက်သေသာဓကအပေါ်အခြေခံသည့်

စီမံကိန်းပြောင်းလဲဆောင်ရွက်မှု၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များ ပိတ်သိမ်းခံရခြင်း နှင့် လက်ရှိ ပြည်တွင်းစီမံအုပ်ချုပ်မှုများနှင့် ဆက်ဆံရေးများအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ။

- အဖွဲ့အစည်းငယ်များသည် ပြည်တွင်းညှိနှိုင်းဆောင်ရွက်ရန် စွမ်းဆောင်ရည်မရှိပါက ဒေသတွင်း လူသားချင်းစာနာမှုဆိုင်ရာ ကွန်ရက်များတည်ဆောက်ရန် ဒေသတွင်းအဖွဲ့အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု၊ အထောက်အပံ့၊ မျှဝေခြင်း နှင့် သင်ယူခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်သက်ရောက်မှု နှင့် ရန်ပုံငွေများကို တန်ဖိုးရှိရှိ အသုံးချနိုင်ခြင်းတို့ကို တိုးမြှင့်ပေးပါ။
- စီမံကိန်းအဆိုပြုလွှာများ၊ အစီရင်ခံစာများ နှင့် ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအတွက် မြန်မာဘာသာစကားကို စနစ်တကျ အသုံးပြုပါ။
- အွန်လိုင်းလူထုဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်မှုအားကောင်းစေရန် ပြည်တွင်းအဖွဲ့အစည်းများကို IT အထောက်အပံ့ပေးပါ။

**အလှူရှင်အဖွဲ့အစည်းများမှ အောက်ပါတို့ ဆောင်ရွက်သင့်သည်။**

- ပြည်တွင်းအဖွဲ့အစည်းများထံသို့ တိုက်ရိုက်ရန်ပုံငွေထောက်ပံ့မှု တိုးမြှင့်ပါ။ ဤအချက်သည်ပင်လျှင် ပြည်တွင်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေကို တိုးတက်စေနိုင်သည့် အခွင့်အလမ်းများကို ပွင့်လာစေသည်။
- ကြားခံအဖွဲ့အစည်းများ မပါဘဲ ပြည်တွင်းအဖွဲ့အစည်းငယ်များထံမှ အသံများ၊ စိန်ခေါ်မှုများ နှင့် ဖြေရှင်းသည့်နည်းလမ်းများကို တိုက်ရိုက် တိုးမြှင့်ပေးပါ။